# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 8, 2020 Volume 33, Number 6


| | |
|---|---|
| ၈.၇.၂၀၂၀ | |
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၄ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၄၅၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၆၉/- ကျပ် |
| CBM Rate | = ၁၃၆၆.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၂.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၉.၄၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၁၂.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၇၀.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၄၉.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၄.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၂၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၉.၇၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၇၅၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြောင်းဖူးစေ့ဈေးကွက် အခိုင်အမာရရှိရန် ဆောင်ရွက်နေ



မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန် တစ်မျိုးဖြစ်သော ပြောင်းဖူးစေ့ကို ဈေးကွက် အခိုင်အမာရရှိရန် စီးပွားကူးသန်းဝန်ကြီး ဌာနက ဦးခင်မောင်လွင်က ပြောသည်။

လက်ရှိတွင် ပြောင်းဖူးစေ့တန်ချိန် နှစ်သန်းကျော် ပြည်ပတင်ပို့ထားပြီး ပြီးခဲ့ သည့် ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ခြောက်သိန်းကျော် ပိုမိုတင်ပို့ထားသည်။ “လက်ရှိတော့ တင်ပို့မှုကနည်းသွားပြီ။ ပြည်တွင်းလက်ကျန်နည်းတော့ ဈေးကလည်းမြင့်တက်လာတယ်” ဟု ဦးခင်မောင်လွင် ကပြောသည်။ ထိုင်းနိုင်ငံမှ ပေးသောဈေးနှုန်းက ပြည်တွင်းဈေးထက် လျော့နည်း ခြင်းကြောင့် လက်ရှိပြည်ပတင်ပို့မှု လျော့နည်းနေကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်း ရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်ကပြောသည်။

လက်ရှိ ပြည်တွင်းဈေးကွက်တွင် ပြောင်းဖူးစေ့တစ်ပိဿာကို ကျပ် ၆၀၀ အထက် ဈေးဖွင့်သော်လည်း ထိုင်းနိုင်ငံက တစ်ပိဿာကို ကျပ် ၆၀၀ အထိသာ အများဆုံး ဈေးပေးကြောင်း ၎င်းကပြောသည်။ ထို့ကြောင့် ပြည်တွင်းပြောင်းဖူးစေ့ ကုန်သည် များက ပြည်ပကိုရောင်းချနိုင်ခြင်းမရှိဘဲ ပြည်တွင်းဈေးကွက်ကိုသာ အဓိကထား ရောင်းချနေသည်။

ယခုဘဏ္ဍာနှစ်တွင်နယ်စပ်ကုန်သွယ်ရေးဖြင့် မြန်မာနိုင်ငံမှ ပြောင်းဖူးစေ့တန်ချိန် ၁ ဒသမ ၂ သန်းကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့သည်။ ထို့အပြင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးဖြင့် အိန္ဒိယနိုင်ငံအပါအဝင် အခြားနိုင်ငံများသို့ ပြောင်းဖူးစေ့ကို တင်ပို့ ရောင်းချနိုင်ခဲ့သည်။

**Source:** https://7day.news/detail?id=191443

## ရေလုပ်ငန်းနှင့်မွေးမြူရေးကဏ္ဍ ချေးငွေရရှိရေးအပါအဝင် လိုအပ်ချက် ၁၀ ချက်ကို ဒေါ်အောင်ဆန်းစုကြည်ထံတင်ပြ

ချေးငွေရရှိရေးအပါအဝင် ငါးပုစွန်နှင့်မွေးမြူရေးကဏ္ဍအတွက် လိုအပ်နေသည့် အချက် ၁၀ ချက်ကို ဆောင်ရွက်ပေးရန် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံတင်ပြခဲ့သည်။ ဇူလိုင် ၇ ရက်က COVID-19 နှင့်သားငါး မွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံ တော်၏

အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ် အောင်ဆန်းစုကြည် နှင့် အွန်လိုင်းဆွေးနွေးမှုတွင်ပါဝင်ခဲ့သော မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်ဇာခြည်ငွေးတို့က တင်ပြခဲ့ခြင်းဖြစ်သည်။ "၁၅ နှစ်အတွင်းမှာ ငါးလုပ်ငန်း ကဏ္ဍက တိုးတက်မှုအနည်းငယ်သာရှိခဲ့ပါတယ်။ ငါးမွေးမြူထုတ်လုပ်တဲ့လုပ်ငန်း တိုးမြှင့်ဆောင်ရွက်ဖို့လိုအပ်နေပါတယ်" ဟု ဒေါ်ဇာခြည်ငွေးကပြောသည်။

ငါးမွေးမြူရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရန် နိုင်ငံတော်က ငါးလုပ်ငန်းဆိုင်ရာမူဝါဒ၊ ဥပဒေများအား အမှန်တကယ်လိုအပ်ချက်နှင့်ကိုက်ညီသည့်ဖွံ့ဖြိုးတိုးမှု ရေရှည်ရေးရှုပြီးဆောင်ရွက်ပေးရန်၊ ဖွံ့ဖြိုးတိုးတက်သည့် ငါးလုပ်ငန်းများဖြစ်စေရန် အမျိုးသားအဆင့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊ မြန်မာနိုင်ငံသည် လက်ရှိတွင် နိုင်ငံပေါင်း ၄၅ နိုင်ငံနှင့်သာ ရေထွက်ကုန်များ ချိတ်ဆက်ရောင်းချနိုင်သေးသဖြင့် ယခုထက်ပိုမိုသည့် ဈေးကွက်တွင်ကျယ်မှုအတွက် အမျိုးအစား၊ ပမာဏ၊ အရည်အသွေးပိုမိုရရှိရန် နိုင်ငံတော်မှ ဦးဆောင်ဆောင်ရွက်ပေးရန်တင်ပြခဲ့သည်။ ထို့အပြင် COVID ကာလအတွင်း ငါးမွေးမြူသူများ လုပ်ငန်းဆုံးရှုံးမှုကြုံတွေ့ခဲ့ရသည့်အတွက် နိုင်ငံတော်မှအတိုးနှုန်းသက်သာသည့် ချေးငွေများရရှိနိုင်ရန်နှင့် ရေထွက်ကုန်ပစ္စည်းများ နိုင်ငံတကာကို အဆင့်မီစွာတင်ပို့နိုင်ရန် မူဝါဒများ၊ နည်းပညာများ အခြေခံကျသည့် ယန္တရားအဆောက်အအုံများလိုအပ်နေသဖြင့် ယင်းအတွက် ရင်းနှီးမြှုပ်နှံနိုင်ရန် ချေးငွေရရှိသော ဘဏ်လုပ်ငန်းစနစ်များ တိုးတက်အောင်ဆောင်ရွက်ပေးရန် ဒေါ်ဇာခြည်ငွေးကတင်ပြခဲ့သည်။

အလားတူ ကျွဲ၊ နွား၊ သိုး၊ ဆိတ်ကဲ့သို့ မွေးမြူရေးကဏ္ဍတွင် လယ်ယာမြေများကို အခြားနည်း အသုံးပြုခွင့် အနည်းငယ်သာရရှိနေမှုကို ဖြေလျှော့ပေးရန် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းမြင့်က တောင်းဆိုသည်။ "လက်ရှိဖြစ်နေတဲ့အခက်အခဲက တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းကို FDI တွေက ဝယ်ပြီးလုပ်မွေးနေတာဖြစ်တယ်။ တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေပေါ် ဝင်ရောက်တဲ့အတွက် အခက်အခဲဖြစ်နေတယ်"ဟု ၎င်းက ဆွေးနွေးပွဲတွင်ပြောသည်။ ထို့အပြင် ပြည်ပမှအေးခဲသားများ တရားမဝင် ဝင်ရောက်လာခြင်းသည် မွေးမြူကဏ္ဍအပေါ်သက်ရောက်မှုနှင့် ထိခိုက်မှုများရှိနေပြီး ပြည်တွင်းတိရစ္ဆာန်အစာ ဈေးကွက်မြင့်တက်နေခြင်းကိုလည်းဖြေရှင်းပေးရန် ဦးသိန်းမြင့်ကတောင်းဆိုသည်။ "ပြည်ပက ရင်းနှီးမြှုပ်နှံမှုဝင်လာရင် နိုင်ငံအတွင်းက ထိခိုက်နိုင်လား။ ပြည်ပနဲ့ယှဉ်ရင်မတိုးနိုင်တာရှိပါတယ်။ တိုးနိုင်အောင် ကြိုးစားရမယ်။ ပြည်ပကလူတွေ ရဲ့ပြိုင်ဆိုင်မှုအားကျသွားအောင် လုပ်တာထက်ပြည်တွင်း ပြိုင်ဆိုင်မှုအားတက်သွားအောင် လုပ်ရမယ်" ဟု နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က ပြောသည်။

ယခုဆွေးနွေးပွဲအပါအဝင် ယခင်ကဆွေးနွေးခဲ့မှုများတွင် တောင်းဆိုတင်ပြသည့်အချက်များကို အလေးထားဆောင်ရွက်နေပြီး သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်နေကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။ COVID ကာလအတွင်း စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးမှုများသည် ဇွန်လ ၁၅ ရက် နောက်ပိုင်း ငါးကြိမ်ရှိပြီဖြစ်သည်။

**Source:** https://7day.news/detail?id=191552

## အမရပူရမြို့နယ်၌ နှမ်းစပါးအထွက်တိုး၍ စိုက်ပျိုးတောင်သူများ အဆင်ပြေ



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ နွေစပါးအထွက်တိုးကာ စပါးဈေးကောင်းရရှိသည့်အတွက် စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။ ယခုနှစ်နွေစပါး စိုက်ပျိုးရာတွင်သက်တမ်းတိုရွှေသွယ်ရင်စပါးကို အဓိကထားစိုက်ပျိုးပြီး တစ်ဧကလျှင်တင်း ၁၀၀ မှ ၁၂၀ အထိထွက်ရှိသည်။ ရွှေသွယ်ရင် စပါးတင်း ၁၀၀ လျှင်ငွေကျပ် ၆၄၀၀၀၀ နှုန်းဖြင့် လာရောက်ဝယ်ယူမှု များပြားလျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ဆည်တော်ကြီးဆည်ရေမှပေးလွှတ်သောရေဖြင့် နွေစပါးဧက ၇၄၈၀ နှင့်နှမ်းဧက ၄၈၀၀ ကို လျာထားစိုက်ပျိုးခဲ့သည်။

အမရပူရမြို့နယ် ရေကြည်ပေါက်ရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဆည်မြောင်းနှင့်ရေအသုံးချမှု

စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ရေကြည်ပေါက်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ပေးလွှတ်သောရေဖြင့် နှမ်းစပါးကေ ၁၂၀ နှင့်နှမ်းစိုက်ကေ ၂၀၀ စုစုပေါင်းကေ ၃၂၀ လျာထားစိုက်ပျိုးခဲ့သည်။ အမရပူရမြို့နယ်၌ နွေစပါးများကို စက်စွမ်းအား အသုံးပြုကာ ရိတ်သိမ်းလျက်ရှိပြီး ရွှေသွယ်ရင် စပါးအဖွင့်ဈေး ငွေကျပ် ၆၁၀၀၀၀ ဖြင့်စတင်ခဲ့ရာ ငွေကျပ် ၆၄၀၀၀၀ အထိဈေးတိုးမြှင့်ပေးကာ ဝယ်ယူလျက်ရှိသည်။ လက်ရှိကာလ အမရပူရမြို့နယ်၌ စပါးအထွက်တိုးကာ ဈေးကောင်းသည့်အတွက် စပါးစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**Source:** http://www.myawady.net.mm/business/item/62050-2020-07-08-15-47-04

## မြန်မာ၏ COVID-19 တုံ့ပြန်ရေးမှာ ဖွံ့ဖြိုးပြီးနိုင်ငံများထက် ပိုမိုကောင်းမွန်ကြောင်း အီးယူသံအမတ်ကြီး ချီးကျူး

မြန်မာအစိုးရ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေး ဆောင်ရွက်ချက်များသည် ဖွံ့ဖြိုးပြီးနိုင်ငံများထက် ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်နေသည်ဟု မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာခရစ္စတီယန်ရှမစ်ထ်က ပြောကြားသည်။ တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှပြန်လည်ထွက်ခွာတော့မည့် အထက်ပါအီးယူသံအမတ်ကြီးသည် 7Day News သတင်းဌာနကို ဇူလိုင် ၆ ရက်တွင် သီးသန့်တွေ့ဆုံမေးမြန်းခွင့်ပြုစဉ် မြန်မာနိုင်ငံအစိုးရ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေးအခြေအနေအပေါ် အလွန်ကောင်းမွန်ကြောင်း ချီးကျူးပြောဆိုသည်။ “ကျွန်တော် မြန်မာအစိုးရကို ပြောခဲ့ပါတယ်။ မြန်မာအစိုးရက အကောင်းဆုံးသော လုပ်ဆောင်ချက်တွေကို လုပ်ဆောင်နေပါတယ်လို့။ ကမ္ဘာပေါ်မှာရှိတဲ့ အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံတွေထက်ကို ပိုကောင်းအောင် လုပ် ဆောင်နေပါတယ်။ ဥရောပက နိုင်ငံတချို့ထက်တောင် သာပါတယ်” ဟု အီးယူသံအမတ်ကြီးကဆိုသည်။

မြန်မာနိုင်ငံတွင် မတ်လ ၂၃ ရက်တွင် ကိုဗစ်-၁၉ အတည်ပြု လူနာ စတင်တွေ့ရှိခဲ့ပြီး ဇူလိုင် ၇ ရက် နံနက် ၈ နာရီ ထုတ်ပြန်ချက်အထိ စုစုပေါင်း အတည်ပြု လူနာ ၃၁၆ ဦးရှိသည်။ ရောဂါပိုး ကင်းစင်လာသူ ၂၄၅ ဦးရှိပြီး သေဆုံးခဲ့သူ ခြောက်ဦးရှိသည်။ “မြန်မာကျန်းမာရေးဝန်ကြီး အပါအဝင် မြန်မာနိုင်ငံရဲ့လုပ်ဆောင်ချက်က အရမ်းကောင်းပါတယ်။ ကျန်းမာရေး ဝန်ကြီးက သတိပြုမိတယ်။ အရမ်းကိုကြီးမားတဲ့ ကူးစက်မှုကြီးဖြစ်ရင် မြန်မာနိုင်ငံက ကျန်းမာရေးစောင့် ရှောက်မှုကို လျင်လျင်မြန်မြန် လွှမ်းမိုးသွားနိုင်ပါလိမ့်မယ်လို့ သတိပြုမိပြီး လုပ်ဆောင်ချက်ထိထိရောက်ရောက်လုပ်ဆောင်နေတယ်” ဟု မစ္စတာခရစ္စတီယန်ရှမစ်ထ်က ပြောသည်။

သို့သော် မြန်မာအစိုးရသည် ကိုဗစ်-၁၉ ဒုတိယလှိုင်းကို သတိပြုရန်လိုအပ်ပြီး ပြည်သူလူထု အနေဖြင့် မပေါ့ဆကြရန် တိုက်တွန်းထားသည်။ လူစုလူဝေးဖြစ် စေသည့် အခမ်းအနားများကို ကန့်သတ်ခြင်း၊ နယ်စပ်ဝင်၊ ထွက်ဂိတ်များ ပိတ်ခြင်း၊ နိုင်ငံတကာ လေကြောင်းလိုင်းများကို ဆင်းသက်ခွင့်မပြုခြင်းအပါအဝင် ကန့်သတ် ညွှန်ကြားချက်များကို ဇူလိုင် ၁၅ ရက်အထိ မြန်မာအစိုးရက သက်တမ်းတိုးထားသည်။ ထို့အပြင် အီးယူသည် G- 20 အဖွဲ့ဝင်နိုင်ငံများ၏ အတည်ပြုထောက်ခံမှုဖြင့် မြန်မာနိုင်ငံက ပြန်လည်ပေးဆပ်ရမည့် ချေးငွေအမေရိကန်ဒေါ်လာ ၉၈ သန်းကို ယခုနှစ်ကုန်အထိဆိုင်းငံ့ကြောင်း ယခုလဆန်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့ဆိုင်းငံ့ရခြင်းမှာ ဆရာဝန်များကို ပိုမိုထောက်ပံ့နိုင်ပြီး လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုများကိုလုပ်ဆောင်ရန်ရည်ရွယ်ကြောင်း အီးယူသံအမတ်ကြီးက 7Day News သို့ပြောသည်။

“ကိုဗစ်-၁၉ ကြောင့် မြန်မာကဲ့သို့သော ချို့တဲ့တဲ့နိုင်ငံတွေက သူတို့ရဲ့ပိုက်ဆံတွေကို အခုချိန်မှာ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးဖို့၊ စီးပွားရေးပြန်လည်ဦးမော့လာဖို့ အလုပ်အကိုင်တွေ ရရှိဖို့ သုံးနေရပါတယ်။ ဒီအချိန်မှာ အစိုးရရဲ့အရင်းအမြစ်တွေက အခုလို ကြွေးမြီအတွက်အသုံးပြုရမှာမဟုတ်ပါဘူး။ ပြင်ပကိုထွက်ဖို့ထက် နိုင်ငံတွင်းအတွက်ပဲ အသုံးပြုဖို့လိုတာပါ။ ဒါကြောင့်လည်း G-20 က ဒီလိုလုပ်ဖို့ဆုံးဖြတ်ချက်ချခဲ့တာပါ” ဟု မစ္စတာခရစ္စတီယန်ရှမစ်ထ်က ပြောကြားသည်။

**Source:** https://7day.news/detail?id=191550

## လက်လီဆန်အရောင်းဆိုင်များနှင့် စက်ရုံ၊ အလုပ်ရုံများကို သက်သာသောဈေးနှုန်းဖြင့် အရန်ဆန်များ ထုတ်ရောင်းမည်



လက်လီဆန်အရောင်းဆိုင်များနှင့် အလုပ်သမားများအား ထောက်ပံ့ရန် ဆန်ဝယ်လိုသည့် စက်ရုံ၊ အလုပ်ရုံများကို သက်သာသည့်ဈေးနှုန်းဖြင့် အရန်ဆန်များရောင်းချပေးမည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဇူလိုင် ၇ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။ COVID-19 ဖြစ်ပွားနေချိန်တွင် ပြည်တွင်းစားနပ် ရိက္ခာအတွက် ဝယ်ယူစုဆောင်းထားသော အရန်ဆန်များကို တစ်အိတ်လျှင် ၂၂,၈၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ရောင်းချရာတွင် လက်လီအရောင်းဆိုင်များကို တစ်ကြိမ်လျှင် အိတ်ရေ ၂၀၀ အထိအများဆုံး ရောင်းချပေးမည်ဖြစ်သည်။

ဝယ်ယူခွင့်ရရှိသော လက်လီအရောင်းဆိုင်များက ဆန်တစ်ပြည်လျှင် ကျပ် ၁,၁၀၀ ထက်မပိုသောဈေးနှုန်းဖြင့် အများပြည်သူကို ပြန်လည်ရောင်းချပေးရမည်ဟု ကြေညာချက်တွင်ဖော်ပြထားသည်။ ထို့ပြင် စက်မှုဇုန်များတွင် အလုပ်သမားအရေအတွက်များသော စက်ရုံများကိုလည်း အလုပ်သမားမိသားစုများကို ပြန်လည်ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဟု ပါရှိသည်။ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ဆန်ဈေးနှုန်းတည်ငြိမ်ရေး၊ တောင်သူများစပါးပေါ်ချိန် ဈေးကျဆင်းမှုမရှိစေရေးတို့အတွက် နိုင်ငံတော်အရန်ဆန်များကို ထုတ်ရောင်းခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်မိုးရာသီစပါးစိုက်ပျိုးချိန်တွင် ဆန်ဈေးနှုန်းမြင့်တက်လေ့ရှိသည်။ COVID ကာလအတွင်း ဝင်ငွေကျဆင်းချိန်တွင် အရန်ဆန်များပြန်လည်ထုတ်ရောင်းခြင်းက ဈေးကွက်တွင် ဆန်ဈေးနှုန်းတည်ငြိမ်မှုရရှိစေမည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးသူရအေးကပြောသည်။ "ဆန်ဈေးမတက်နိုင်တော့ စားသုံးသူအတွက်က ကောင်းတာပေါ့"ဟု ၎င်းကပြောသည်။ ဈေးတက်မည်အထင်ဖြင့် ဆန်သိုလှောင်ထားသူများအတွက် ယခုဆန်ရောင်းချမည့် အစီအစဉ်က အခက်ဖြစ်စေမည်ဟုလည်း၎င်းကဆိုသည်။ COVID ကာလအတွင်း ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအစိုးရက ဆန်တစ်အိတ်လျှင် ကျပ် ၂၁,၆၀၀ ဖြင့် ဆန်တန်ချိန် လေးသောင်းကျော်ဝယ်ယူခဲ့သည်။

**Source:** https://7day.news/detail?id=191553

## ဆိပ်ဖြူမြို့နယ်၌ အိမ်တွင်းလက်မှု ဝါးထရံရက်လုပ်ခြင်းဖြင့် မိသားစုဝင်ငွေရရှိ



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ဝါးထရံရက်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေ ရရှိပြီး နေ့စဉ်စားဝတ် နေရေးအတွက် အဆင်ပြေလျက်ရှိကြောင်းသိရသည်။ ယခင်က ဝါးထရံရက်လုပ်ရာတွင်ဒေသထွက်ဝါးမျိုးများကိုသာ အသုံးပြုခဲ့ကြပြီး ယခုအခါ ဝါးထရံရက်လုပ်ရန် ကုန်ကြမ်းပစ္စည်းတစ်ခုဖြစ်သည့် တင်းဝါးအမျိုးအစားများကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒိုက်ဦးမြို့နယ်နှင့် နေပြည်တော်တို့မှ မှာယူရပြီး ဝါးတစ်လုံး ဒေသအရောက် ငွေကျပ် ၅၇၀ နှုန်းဖြင့် ဝယ်ယူလုပ်ကိုင်ရသည်။

ဝါးထရံရက်လုပ်နေသူတစ်ဦးက ဝါးထရံရက်လုပ်ရာတွင် ရိုးရိုး(အထူ)၊ နှစ်ပါးချီ၊ ကွက်ဆန်းနှင့် ပွဲထောင်ဆိုပြီး အမျိုးအစား လေးမျိုးရက်လုပ်ရောင်းချရသည်။ ထို့ပြင် ၁ ပေပတ်လည်(စတုရန်း)ကွက် တစ်ကွက်လျှင် ရိုးရိုး(အထူ) ငွေကျပ် ၂၀၀၊ ပွဲထောင်နှင့် နှစ်ပါးချီ ငွေကျပ် ၃၀၀၊ ကွက်ဆန်း ငွေကျပ် ၅၀၀ နှုန်းရရှိပြီး တစ်နေ့လျှင် မိသားစုတစ်စုအနေ ဖြင့် အိမ်တွင်း လက်မှုဝါးထရံ(ရိုးရိုးအထူ) ရက်လုပ်ရာတွင် ၁၀ ပေပတ်လည် တစ်ချပ်မှတစ်ချပ်ခွဲအထိ နေ့စဉ်ရက်လုပ် ပြီးစီးကြောင်း၊ တစ်ပိုင်တစ်နိုင် အိမ်တွင်းလုပ်ငန်းမှ ငွေကျပ် ၁၅၀၀၀ မှ ငွေကျပ် ၂၀၀၀၀ အထိ မိသားစုဝင်ငွေရရှိကြောင်း

ပြောကြားသည်။

**Source:** http://www.myawady.net.mm/business/item/62059-2020-07-08-16-27-28

## ပြည်ပကမ်းလှမ်းချက်အတိုင်း တင်ပို့နိုင်မည့် သန့်စင်သကြားစက်ရုံများတည်ထောင်ရန် ချေးငွေလိုအပ်ချက်များရှိနေ



ပြည်ပကမ်းလှမ်းချက်အတိုင်း တင်ပို့နိုင်မည့် သန့်စင်ထားသည့် သကြား (Refinedsugar) စက်ရုံများတည်ထောင်ရန် ချေးငွေ လိုအပ်ချက်များရှိနေကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဋ္ဌေး၏ပြောပြချက်အရ သိရ သည်။ ပြည်တွင်းမှ သန့်စင်ပြီးသကြားများတင်ပို့ရန် သီရိလင်္ကာ၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ ကမ်းလှမ်းမှုများရှိသော်လည်း လတ်တလောတွင် ပြည်တွင်း၌ သန့်စင်သကြားများ ထုတ်လုပ်နိုင်သည့် စက်ရုံနှစ်ခုသာရှိသည့်အတွက် ယင်းကဲ့သို့ စက်ရုံများ ပိုမိုတည်ဆောက်နိုင်ရန် လိုအပ်လျက်ရှိသည်။ ''သန့်စင်သကြားစက်ရုံတွေ တည်ထောင်ဖို့ ချေးငွေလိုအပ်ချက်ရှိတယ်။ ဘာလို့လဲဆိုတော့ ဒါက ရင်းနှီးမြှုပ်နှံမှုများတယ်။ ဒီလိုစက်ရုံ တည်ဆောက်မယ်ဆိုရင် ချေးငွေ ပမာဏများတဲ့အတွက် အခက်အခဲရှိတယ်' ဟု ဦးဝင်းဋ္ဌေးကပြောသည်။

အဆိုပါ ပြန်လည်သန့်စင်ထားသည့် သကြားစက်ရုံတစ်ခု တည်ဆောက်လျှင် အမေရိကန်ဒေါ်လာ သန်း ၅၀ မှ သန်း၁၀၀ ကြားကုန်ကျမည်ဖြစ်၍ အစိုးရမှ ချေးငွေများ ထုတ်ချေးပေးပါက အဆင်ပြေနိုင်မည်ဖြစ်သည်။ ယင်းကဲ့သို့ သန့်စင်ထားသည့် သကြားစက်ရုံများ တည်ထောင်ပြီး ပြည်ပကမ်းလှမ်းချက်များအတိုင်း တင်ပို့နိုင်ပါက ကြံစိုက်ပျိုးရေးအတွက်ပါ အလားအလာကောင်းမွန်လာနိုင်ကြောင်းသိရသည်။ '' လက်ရှိမှာ ဗီယက်နမ်ကို တန်ချိန် ၁၀၀၀ ကျော်တင်ပို့နိုင်တယ်။ တချို့ ကမ်းလှမ်းတာတွေက ကျွန်တော်တို့ နိုင်ငံကထုတ်တဲ့ သကြားစက်နဲ့မကိုက်တာတွေရှိတယ်။ သူတို့က သန့်စင်တဲ့သကြားကိုလိုချင်တာ။ ကျွန်တော်တို့ဆီက စက်အများစုက အဲဒီလိုမထုတ်နိုင်သေးဘူး။ ဒီမှာက အနည်းငယ်လောက်ပဲထုတ်နိုင်သေးတယ်။ ဒါထုတ်နိုင်ရင်တော့ ဈေးတက်လာနိုင်တဲ့အတွက် ကြံစိုက်တောင်သူတွေပါ အကျိုးရှိနိုင်တယ်'' ဟု ဦးဝင်းဋ္ဌေးကပြောသည်။

တစ်နိုင်ငံလုံး၌ သကြားစက်ရုံပေါင်း ၂၃ ခုရှိကာ အဓိကအားဖြင့် ကြံထွက်ရှိသည့်ဒေသအနီးတွင် စက်ရုံတည်ထားလေ့ရှိကြောင်းသိရသည်။ ကြံကိုစစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်းနှင့်အနောက်ခြမ်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် မြောက်ပိုင်း)တို့၌ အဓိကစိုက်ပျိုးကြပြီး ရန်ကုန်တိုင်းဒေသကြီး၌ အနည်းငယ်စိုက်ပျိုးကြောင်းသိရသည်။

**Source:** http://www.myawady.net.mm/business/item/62013-2020-07-07-15-45-27

## ပြောင်းဝယ်လိုအားကောင်းနေပြီး ကုန်သည်များ နယ်အထိဆင်းဝယ်နေ

ပြည်တွင်း တိရစ္ဆာန်အစာ စက်ရုံများ၏ ဝယ်လိုအားကြောင့် ပွဲစားများက လက်ကျန်ပြောင်းများကို နယ်အထိဆင်းဝယ်နေကြောင်းမန္တလေးမြို့ရှိ ပဲ၊ ပြောင်းကုန်သည်များထံမှသိရသည်။ "ပြောင်းဈေးကတော့ ပြန်မကျနိုင်တော့ဘူး။ လက်ရှိမှာ တစ်အိတ် ကျပ်၃၀၀၀၀ ဝန်းကျင်မှာ ဈေးတက်လာပြီး ငြိမ်နေတယ်။ ပြည်တွင်းမှာ တစ်ပြည်လုံးထွက်အားရဲ့ ၃၀ ရာခိုင်နှုန်းလောက်ပဲ ကျန်တော့တယ်။ ဒီပမာဏက ပြည်ပတင်ပို့မှုပိတ်လိုက်လည်း ပြည်တွင်းအစာစက်ရုံတွေဖြုန်းတာနဲ့ကုန်တယ်။ မန္တလေးကိုအခြေပြုပြီးသဘော်နဲ့ အိတ်ရေသောင်းချီစုပြီး သယ်ပို့နေတာပါ။ တစ်ပိဿာ ကျပ် ၅၀၀ အောက်ကို မကျနိုင်ဘူး။ လက်ရှိ ပြောင်းဈေး ကျပ်၂၉၀၀၀၊ ကျပ် ၃၀၀၀၀ ဈေးက တောင်သူဆီမှာ ပစ္စည်းရှိနေချိန်ဆိုရင်တော့ တောင်သူ အဆင်ပြေမယ့်ဈေးပါ။

ပြောင်းပေါ်ချိန်တုန်းက အင်တိုက်အားတိုက် ရောင်းချချိန်မှာ ကျပ် ၂၀၀၀၀ ကျော်လေးပဲ ရှိတယ်။ အခုချိန်မှာ ပြောင်းဈေးက အသစ်မပေါ်ခင်ချိန်အထိဈေးကောင်းနေနိုင်သေးတယ်"ဟု မန္တလေးမြို့ရှိ ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။ ကျေးရွာများအထိ ဆင်းဝယ်နေသည့်ပွဲစားများက မန္တလေးမြို့ပေါက်ဈေးနီးပါးပေးကာ ဝယ်ယူနေကြောင်း ရွှေကူမြို့က

ပဲပြောင်းပွဲစား ကိုကျော်နိုင်ဝင်းကပြောသည်။ "ပြောင်းက ဝယ်ရခက်လာပြီ။ အခုဆို ရေတက်လာတော့ စက်လှေတွေနဲ့ ကျွန်းရွာတွေအထိ ဆင်းဝယ်နေကြတယ်။ မန္တလေးပေါက်ဈေးနီးပါး တစ်တင်းကို ကျပ် ၉၅၀၀ အထိ ဈေးကောင်းပေးနေတယ်။ နယ်ပွဲစားတွေကတော့ သယ်ပို့ခ အလုပ်သမားစရိတ်နဲ့ သူတို့လောက် ဈေးမပေးနိုင်ကြဘူး"ဟု ၎င်းကပြောသည်။ ပြည်တွင်း ကြက်စာထုတ်လုပ်မှု၏ ထက်ဝက်ခန့်မှာ ပြောင်းနှင့်ဆန်ကွဲကို အသုံးပြုထုတ်လုပ်ခြင်းကြောင့် ယခုအချိန်တွင် ပြောင်း လိုအပ်ချက်ရှိနေပြီး ပြောင်းဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ပြောင်းဈေးမြင့်တက်နေသော်လည်း ပြောင်းအသစ်ပေါ်ချိန်တွင် ဈေးပြန်ကျဆင်းလေ့ရှိကြောင်း၊ လက်ရှိအစာဈေးမှာလည်း တစ်ပိဿာ ကျပ်တစ်ထောင်ခန့် တက်သွားကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်ထင်ကပြောသည်။

"လက်ရှိမှာတော့ ပြောင်းဈေးတက်သွားတော့ တိရစ္ဆာန်အစာဈေးလည်းနည်းနည်းတက်သွားပါတယ်။ ကြက်စာမှာ ပြောင်းနဲ့ ဆန်ကွဲက ၅၀ ရာခိုင်နှုန်းလောက်အသုံးပြုပါတယ်။ ပြည်တွင်းမှာ အစာလိုအပ်ချက်ကတော့ ပုံမှန်ပါပဲ။ ပြောင်းအသစ် ပေါ်ချိန်ကျရင်တော့ ဈေးပြန်ငြိမ်သွားမှာပါ။ လက်ရှိမှာတော့ ပြောင်းဝယ်ယူမှုများနေတာပါ"ဟု ၎င်းကပြောသည်။

မျိုးကောင်းမျိုးသန့်ရှားပါးပြီး မျိုးဈေးကြီးမြင့်ခြင်းကြောင့် ပြောင်းဈေးမကောင်းပါက တွက်ခြေမကိုက်ကြောင်း၊ ယခင်က ပြောင်းဈေးမကောင်းခြင်းကြောင့် စိုက်ဧကများလျော့ကျသွားကြောင်း ကန့်ဘလူမြို့နယ်၊ စိန်နားကျေးရွာမှ ပြောင်းတောင်သူ ကိုထွန်းနိုင်ဦးကပြောသည်။ "မနှစ်ကပြောင်းဈေးက တစ်တင်းကျပ် ၆၀၀၀ သာ ရောင်းရတယ်။ စိုက်ပျိုးစရိတ်ကတော့ အဓိကမျိုးစေ့ဈေး ကြီးမြင့်တာနဲ့ မျိုးမှန်မရနိုင်တာရှိတယ်။ မျိုးဈေးကြီးတော့ ပြောင်းပေါ်ချိန်ပေးနဲ့ ငါးကီလိုကိုပြောင်း ခုနစ်တင်းနှုန်းနဲ့ဝယ်ရတယ်။ ဖောင်မြှောင်တောင် မကျရင်တော့ တစ်ဧကတင်း ၃၀ လောက်တော့ အသာလေးထွက်ပါတယ်။ ကျွန်တော်တို့ဆီမှာတော့ ပြောင်းဈေးမကောင်းလို့ ဒီနှစ် မြေလုပ်ထားတာတွေတောင် ရှိပါတယ်။

မနှစ်က ဧက ၄၀၀ကျော်လောက်ရှိတယ်။ ဒီနှစ် ဧက ၅၀ တောင်မပြည့်တော့ပါဘူး"ဟု ၎င်းကပြောသည်။ မေလဆန်း ပိုင်းတွင် ပြောင်းဈေးမှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၃၀၀၀ ခန့်သာ ပေါက်ဈေးရှိရာမှ ထိုင်းနိုင်ငံသို့ တင်ပို့မှုကြောင့် တဖြည်းဖြည်းဈေးမြင့်တက်လာရာ လက်ရှိတွင် ပြောင်းတစ်အိတ်လျှင် ကျပ် ၃၀၀၀၀ အထိမြင့်တက်လာသည်။ ပြည်တွင်း ဝယ်လိုအား ကောင်းနေခြင်းကြောင့်ထိုင်းနိုင်ငံသို့မတင်ပို့တော့ဘဲ ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချနေကြောင်း၊ ပြောင်းအသစ်မပေါ်သေးချိန်အထိ ဆက်လက်ဈေးကောင်းနေနိုင်ကြောင်း ပြောင်းကုန်သည်များ သုံးသပ်ထားသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

https://www.facebook.com/sitepyo/posts/2682787698672893?__tn__=K-R

## တောင်သူလက်ထဲ နှမ်းကုန်ချိန်ဖြစ်သဖြင့် နှမ်းဈေးအနည်းငယ်ပြန်တက်



တောင်သူများလက်ထဲ၌ နှမ်းကုန်သည့်အချိန်ဖြစ်သဖြင့် ဈေးကွက်အတွင်း နှမ်းဈေးအနည်းငယ်ပြန်တက်လာကြောင်း နှမ်းစိုက်တောင်သူများထံမှ သိရသည်။ ဈေးက နည်းနည်းချင်းပြန်တက်လာနေတယ်။ လုံးဝဈေးတက်တယ်လို့တော့ ပြောလို့ မရသေးပါဘူး။ ဈေးတော့ အရမ်းကြီးမကောင်းသေးဘူးပေါ့။ နှမ်းရိတ်ခ၊ အလုပ်သမားခ၊ မြေဆီဖိုးတွေ ပေးချေရတာကြောင့် ပြီးခဲ့တဲ့လပိုင်းက ရတဲ့ဈေးတွေနဲ့ နှမ်းရောင်းခဲ့ရသူတွေ အတော်လေးများပါတယ်။ အခုကျတော့ တောင်သူလက်ထဲမှာ နှမ်းကသိပ်မရှိတော့ဘူး။ နှမ်းကုန်တဲ့အချိန်ကျတော့မှ နှမ်းဈေးကပြန်တက်လာ တယ်ဟု စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ရေထွက်ကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးလှဝင်းဆွေကပြောသည်။

ရွှေဘိုခရိုင်၌ ဧပြီလ (၁၀) ရက်နှင့် မေလ (၂) ရက်တို့တွင်တစ်ကြိမ် မိုးကြီးရွာသွန်းခဲ့သဖြင့်၊ မိုးနှမ်းစိုက်ပျိုးသူများ နှမ်းခင်းများ ပျက် အရှုံးပေါ်ခဲ့ပြီး၊ နွေနှမ်းစိုက်ပျိုးသူများမှာ နှမ်းဈေးကောင်းရရန် မျှော်လင့်ထားခဲ့ကြသည်။ မတ်လအလယ်လောက်မှာ နှမ်းစကြဲတဲ့သူတွေကတော့၊ နှမ်းမရောင်းရသေးဘူးဆိုရင် အခုဈေးနဲ့ရောင်းလို့ရမှာပေါ့။ ဧပြီလအလယ်လောက်မှာ မိုးနှမ်းကြဲတဲ့ သူတွေကတော့ အခင်းတွေပျက်ကုန်ပြီး နှမ်းကိုမရိတ်သိမ်းလိုက်ရပါဘူး။ တောင်သူတော်တော်များများ အထိနာကုန်ကြပါ တယ်။ မိုးနှမ်းတွေကလည်းမရိတ်ရတော့ ကုမ္ပဏီချေးငွေဆပ်ဖို့အတွက်အပြင်ကနေ အတိုးနဲ့ငွေချေးယူရသူတွေလည်းရှိပါ

တယ်ဟု ဦးလှဝင်းဆွေက ဆက်လက်ပြောသည်။ ဇွန်လက နှမ်းဈေးတစ်ပိဿာလျှင် (၄၄၀၀၀) ဝန်းကျင် ဈေးနှုန်းရှိခဲ့ပြီး၊ လက်ရှိတွင် နှမ်းဈေးတစ်ပိဿာလျှင် (၅၅၀၀၀) ကျပ်ဝန်းကျင်ဖြင့် ရောင်းဝယ်နေကြောင်း ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်ရှိ နှမ်းဒိုင်များမှသိရသည်။

မြန်မာနိုင်ငံတွင် နှမ်းသီးနှံကို စစ်ကိုင်းတိုင်းနှင့်မကွေးတိုင်းတို့တွင် အများဆုံးစိုက်ပျိုးကြပြီး၊ နှမ်းကို မတ်လတွင် စိုက်ပျိုး၍၊ မိုးနှမ်းကို မေလတွင်စိုက်ပျိုးကြသည်။

**Source:** https://greenwaymyanmar.com/posts/increase_of_sesame_price

## သထုံမြို့နယ်ထဲ ရိုးရာနီးခမောက်လုပ်ငန်း လုပ်ကိုင်သူနည်းလာ

မွန်ပြည်နယ်၊ သထုံမြို့နယ်ထဲက ရိုးရာ နီးခမောက်ရက်လုပ်သူတွေအနေနဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားလာတာ၊ လုပ်ငန်းကရရှိငွေနဲ့ စီးပွားရေးမဖြစ်တာကြောင့် လုပ်ငန်းလုပ်ကိုင်သူ ၁၀၀ ကျော်ရှိရာကနေ ၁၀ ဦးလောက်သာ ရှိတော့တယ်လို့ သိရပါတယ်။ ရိုးရာလက်မှုလုပ်ငန်းတခုဖြစ်တဲ့ နီးခမောက်ရက်လုပ်တဲ့လုပ်ငန်းကို သထုံမြို့နယ်ထဲက ကျေးရွာတချို့မှာ အရင်ကတွင်ကျယ်စွာလုပ်ကိုင်လာခဲ့ပေမဲ့ နောက်ပိုင်းကာလတွေမှာ ဝင်ငွေရရှိမှုနည်းပါးလာတာတဲ့အတွက် လုပ်ငန်းလုပ်ကိုင်လိုသူတွေနည်းလာပြီး ပြည်ပနိုင်ငံတွေမှာ သွားရောက်လုပ်ကိုင်သူများလာတာကြောင့် ရေရှည်မှာ ရက်လုပ်သူမရှိသလောက် နည်းပါးလာနိုင်တယ်လို့ ဒေသခံတွေကပြောပါတယ်။

သထုံမြို့နယ် ဒုံဝန်းကျေးရွာနေသူ ဒေါ်ရီမြက "ဒီလုပ်ငန်းက စီးပွားမဖြစ်ထွန်းဘူးလေ။ တနိုင်တပိုင်လောက်ပဲ လုပ်နိုင်ကြတယ်။ ပုံမှန်စားဝတ်နေရေးအတွက်လောက်ပဲ အထောက်အပံ့ဖြစ်တယ်။ ကျမတို့ ဒီလုပ်ငန်းလုပ်လာတာ နှစ် ၃၀ လောက်ရှိပြီး မကြီးပွားဘူး။ မိသားစုပုံမှန်စားဝတ်နေရေးနဲ့ အလှူအတန်းလုပ်ဖို့လောက်ပဲရတယ်။ နောက်ပိုင်း လူငယ်တွေကျတော့ ဒီလုပ်ငန်းကို စိတ်မဝင်စားကြဘူး။ သွားတတ်လာတတ်တဲ့သူတွေကျ ပြည်ပသွားအလုပ်လုပ်ကြတယ်။ ဒီမှာက မသွားမလာတတ်တဲ့ လူကြီးပိုင်းတွေလောက်ပဲကျန်ပြီး ဒီအလုပ်လုပ်နေကြတယ်။ ကိုယ်တွေမလုပ်နိုင်တဲ့အချိန်ကျရင် ဒီလုပ်ငန်းကမျိုးဆက်ပြတ်ပြီပေါ့။ ဒီအလုပ်က မိသားစုအလုပ်လေးဆိုတော့သူများလိုတော့ နေပူမရှောင်မိုးရွာမရှောင် လုပ်စရာတော့မလိုဘူး။"

နီးခမောက်ရက်လုပ်ဖို့အတွက် ဒေသအခေါ် ရွှေမှုန်ဝါးနဲ့ဝါးနွယ်ဝါးတွေကိုအသုံးပြုရပြီး ဝယ်ယူရရှိလာတဲ့ဝါးတွေကို ခွဲခြမ်းစိတ်ဖြာကာ နီးဖြာတာ၊ ခွေချတာ၊ ရက်လုပ်တာနဲ့ ဆေးဆိုးခြင်းလုပ်ငန်းတွေလုပ်ဆောင်ပြီးမှ အသင့်ဆောင်းနိုင်တဲ့ နီးခမောက်ကို ရရှိတာဖြစ်ပါတယ်။ နီးခမောက်တွေကို အကြီးအသေးခွဲကာ ဖောက်သည်သွင်းဈေးအဖြစ် အကြီးတစ်လုံးကို ၁၈၀၀ ကျပ်၊ အသေးတစ်လုံးကို ၁၃၀၀ကျပ် နဲ့ ရောင်းချပြီး လက်လီရောင်းချပါက အကြီးတစ်လုံးကို ၂၀၀၀ ကျပ်၊ အသေးတစ်လုံးကို ၁၆၀၀ ကျပ် ရောင်းချတယ်လို့ နီးခမောက်ယက်လုပ်သူဒေါ်ရွှေမယ်က ပြောပါတယ်။ "ဒီနှစ် ဝါးဝယ်ရတာတွေလည်း ဈေးတက်တယ်။ ခမောက်ထုတ်ဖို့ ကုန်ကျစရိတ်များတော့ အဒေါ်တို့အတွက် အမြတ်ကျန်တာနည်းတာပေါ့။ ဒါကြောင့် အိမ်မှာဘဲ ကိုယ်တတ်တဲ့ပညာနဲ့ရသလောက်လုပ်နေရတာပေါ့"။ သထုံဒေသကထွက်ရှိတဲ့ နီးခမောက်တွေကို ဒေသအတွင်းမှာ ရောင်းချတဲ့အပြင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းနဲ့ကရင်ပြည်နယ်တွေအထိ တင်ပို့ရောင်းချကြတယ်လို့သိရပါတယ်။

**Source: DVB**

https://news.ydnp.net/354988/

## စီးပွားရေးလုပ်ငန်းများအတွက် မန္တလေးစက်မှုဇုန်တွင် ဂျပန်-မြန်မာ Zoom Meeting ပြုလုပ်မည်

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် စစ်တမ်းကောက်ယူထားသော အချက်အလက်များနှင့် ပတ်သက်ပြီး ဂျပန်-မြန်မာ Zoom Meeting ပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးအဖွဲ့မှသိရပါတယ်။ မန္တလေးစက်မှုဇုန်တွင် လုပ်ငန်းပေါင်း ၁၀၀၀ ကျော်ရှိပြီး အများအားဖြင့် အသေးစားလုပ်ငန်းများဖြစ်ကာ နည်းပညာလိုအပ်ချက်

များစွာရှိနေသည့်အတွက် ဂျပန်နိုင်ငံမှအကူအညီများ ဆောင်ရွက်ပေးသွားရန်ရှိကြောင်းသိရပါတယ်။ ဂျပန်-မြန်မာ Zoom Meeting ကို ဇူလိုင် ၉ ရက်၊ ဇူလိုင် ၂၃ ရက်နှင့် ဩဂုတ် ၆ရက်တို့တွင် ပြုလုပ်မည်ဖြစ်ပြီး မန္တလေးစက်မှုဇုန်ရှိ ကနောင်ခန်းမတွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကာ ဂျပန်နိုင်ငံမှ အဖွဲ့အစည်းများ၊ စက်မှုဇုန်တာဝန်ရှိသူများ၊ စီးပွားရေးစစ်တမ်းများကောက်ယူရာတွင် ပါဝင်ခဲ့သည့် နည်းပညာကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံမှ လုပ်ငန်းရှင် ၁၀ ဦးတို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရပါတယ်။

ဆွေးနွေးပွဲတွင် အဓိကအားဖြင့် စက်မှုဇုန်အဖွဲ့မှ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာအသစ်၊ ထုတ်လုပ်မှုစနစ်အသစ်များအတွက် ဆွေးနွေးမည်ဖြစ်ပြီး ဂျပန်နိုင်ငံ အဖွဲ့အစည်းများက စီးပွားရေးလုပ်ကိုင်ဆောင်ရွက်သင့်သည့်အချက်များ၊ အခွင့်အလမ်းအသစ်များနှင့်နည်းပညာလိုအပ်ချက်များကို ပညာရှင်များ၊ လုပ်ငန်းရှင်များက ပါဝင်ဆွေးနွေးပေးမည်ဖြစ်ကြောင်းသိရပါတယ်။

**Source:** https://www.myanmaplatform.com/a/45674.html

## ဟောင်ကောင်ဒေါ်လာတည်ငြိမ်မှုရှိစေရန် ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့က ဆောင်ရွက်လျက်ရှိခြင်း

လွန်ခဲ့သောရက်သတ္တပတ်က အမျိုးသားလုံခြုံရေးဥပဒေပြဋ္ဌာန်းပြီးနောက် ဟောင်ကောင် ဒေါ်လာ အားပျော့စေရန် ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့( Hong Kong Monetary Authority-HKMA) သည် ပထမဦးဆုံးအနေဖြင့် ငွေကြေးဈေးကွက်အတွင်းသို့ ကြားဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ငွေလွှဲနှုန်း အမေရိကန် (၁) ဒေါ်လာလျှင် ဟောင်ကောင်ဒေါ်လာ (၇.၇၅) အောက်လျော့နည်းစေရန် ၆-၇-၂၀၂၀ ရက်နေ့က ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့က ဟောင်ကောင်ဒေါ်လာ (၁၅.၃၁) ဘီလီယံရောင်းချခဲ့ပြီး ၎င်းပမာဏနှင့်ညီမျှသည့် အမေရိကန်ဒေါ်လာကို ဝယ်ယူခဲ့ကြောင်း၊ဟောင်ကောင်ဒေသ၌ ဇူလိုင်လအတွင်း Initial Public Offerings (IPOs) ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူ (၂၀) ခုရှိလာပြီး ရင်းနှီးမြှုပ်နှံငွေများ ဟောင်ကောင်ဒေသသို့ ဝင်ရောက်လာခြင်းဖြင့် ငွေကြေးဈေးကစားမှုများကို ဆက်လက်ခုခံနိုင်မည်ဖြစ်ကြောင်း၊ ပေကျင်းနှင့် ဝါရှင်တန်တို့ အကြားတင်းမာမှုများကဟောင်ကောင်ဒေသအပေါ် ရိုက်ခတ်လျက်ရှိကြောင်း အချို့သောရင်းနှီးမြှုပ်နှံသူများမှာ ၎င်းတို့၏ ပိုင်ဆိုင်မှုများကို အမေရိကန်ပြည်ထောင်စုမှ ရွှေ့ပြောင်းလျက်ရှိကြောင်း၊ ၁၉၈၃ ခုနှစ်ကစတင်၍ ငွေလဲလှယ်နှုန်းမှာ အမေရိကန် (၁) ဒေါ်လာလျှင် ဟောင်ကောင်ဒေါ်လာ (၇.၈၀) ဖြင့်လဲလှယ်ခဲ့ကြောင်း၊၂၀၀၅ ခုနှစ်ကစတင်၍ ငွေလဲနှုန်းကို အမြင့်ဆုံး(၇.၇၅)ဟောင်ကောင် ဒေါ်လာမှ အနိမ့်ဆုံး (၇.၈၅) ဖြင့် ရောင်းဝယ်ရန် သတ်မှတ်ခဲ့ကြောင်း၊ သတ်မှတ်ထားသောဈေးနှုန်းဘောင်အတွင်း ငွေလဲနှုန်းတည်ငြိမ်စေရန် HKMA အနေဖြင့် ဟောင်ကောင်ဒေါ်လာ ရောင်းဝယ်မှုအားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခုနှစ် ဧပြီလမှစတင်၍ HKMA အနေဖြင့် ဟောင်ကောင်ဒေါ်လာ (၇၂.၉၄) ဘီလီယံ ရောင်းချခဲ့ပြီး (၂၄) ကြိမ် ကြားဝင်ဆောင်ရွက်ခဲ့ရာ ဘဏ္ဍာရေးကဏ္ဍပိုင်ဆိုင်မှုတွင် ဟောင်ကောင်ဒေါ်လာ (၁၄၆.၉၃) ဘီလီယံရှိကြောင်း၊ ဘဏ္ဍာရေးစနစ်တွင် ငွေကြေး ကုန်ကျစရိတ်များလျော့နည်းလာမှုကြောင့် ဟောင်ကောင်ဒေသစီးပွားရေး ကျဆင်းမှု ပြန်လည်ကောင်းမွန်လာရန် စီးပွားရေးလုပ်ငန်များနှင့် အိမ်ထောင်စုများကို သက်သာခွင့်ပေးငွေပံ့ပိုးခြင်းများဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဇူလိုင်လတွင် IPO ထပ်မံဆောင်ရွက်ရန်စီစဉ်ခဲ့မှုကြောင့် ဟောင်ကောင်ဒေသတွင်းသို့ ငွေများဆက်လက်ဝင်ရောက်ရန်ရှိနိုင်ကြောင်း၊ NetEase နှင့် JD.com ကုမ္ပဏီ (၂) ခု မှလည်း ဇွန်လက အမေရိကန်ဒေါ်လာ (၆) ဘီလီယံကျော် တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လဒုတိယရက်သတ္တပတ်အတွင်း Initial Public Offerings (IPOs) ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူ (၂၀) ကျော်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေလဲလှယ်လိုသည့် စတော့ရှယ်ယာရောင်းဝယ်သည့် တရုတ်ပြည်မကြီးကုမ္ပဏီများ လျင်မြန်စွာတိုးပွားလာမှုကြောင့် ဟောင်ကောင်ဒေသသို့ ငွေစီးဝင်လာမှုများလာမည့် အရင်းအမြစ်တစ်ခုဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Enoch Yiu နှင့် Georgina Lee တို့က “HKMA Acts To Calm Local Dollar” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## ကမ္ဘာလုံးဆိုင်ရာ စတော့ရှယ်ယာများရောင်းဝယ်သည့် အချက်အချာကျသည့်ဒေသအနေဖြင့် ဟောင်ကောင်ဒေသ ဆက်လက်ဆောင်ရွက်သွားမည်

၂၀၁၈ ခုနှစ်က ပြန်လည်ပြင်ဆင်ခဲ့မှုအရ အာရှနှင့်နိုင်ငံတကာရှိ လုပ်ငန်းများကို ဟောင်ကောင်စတော့ဈေးကွက်မှ ဆက်လက်ဆွဲဆောင်သွားမည်ဖြစ်ကြောင်း၊ မဟာပင်လယ်ကွေ့ဒေသမှလည်း ရင်းနှီးမြှုပ်နှံငွေစီးဝင်လာမှုများ တိုးလာကြောင်း၊ ဒေသအနေဖြင့် ဆယ်စုနှစ်များအတွင်း စီပွားရေးကျဆင်းမှု အဆိုးရွားဆုံးဖြစ်ခဲ့ပြီး အမျိုးသားလုံခြုံရေးဥပဒေကြောင့် နိုင်ငံတကာ ငွေကြေးဗဟိုဌာနအဖြစ် ဆောင်ရွက်မည့်အခန်းကဏ္ဍအတွက် စိုးရိမ်မှုများလည်းဖြစ်ပေါ်စေခဲ့ကြောင်း၊ ဟောင်ကောင်၏ စတော့ရှယ်ယာဈေးကွက်မှာ တရုတ်ကုမ္ပဏီများအတွက် ရန်ပုံငွေတိုးမြှင့်ရန်အတွက်သာမက အရှေ့တောင်အာရှမှ ကုမ္ပဏီများ အပါအဝင် နိုင်ငံတကာကုမ္ပဏီများကိုလည်း ဆွဲဆောင်ရန်ဖြစ်ကြောင်း၊ စတော့ရှယ်ယာနှင့် ငွေချေးစာချုပ်ချိတ်ဆက်မှု အစီအစဉ်နှင့် မဟာပင်လယ်ကွေ့ဒေသ စီမံကိန်းအောက်ရှိ ဓနဥစ္စာစီမံခန့်ခွဲမှု ချိတ်ဆက်မှု အစီအစဉ်တို့မှာ ဟောင်ကောင် ငွေကြေးဈေးကွက်သို့ ငွေများစီးဝင်လာရန် အဓိကအချက်များဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအခြေစိုက် စာရင်းဝင်ကုမ္ပဏီများမှာ မဟာပင်လယ်ကွေ့ဒေသတွင် အလျင်မြန်ဆုံးတိုးချဲ့ဆောင်ရွက်နိုင်သည့် နာမည်ကျော်ကြားသည့်ကုမ္ပဏီများ ဖြစ်မည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ ကုမ္ပဏီများစာရင်းတွင် နည်းပညာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အဆင့်မြင့် နည်းပညာဖြင့်ထုတ်လုပ်မှုလုပ်ငန်းများ၊ အိမ်ခြံမြေလုပ်ငန်းများ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများနှင့် ပညာရေးကုမ္ပဏီများ ပါဝင်ကြောင်း၊ သို့ဖြစ်ရာ အမျိုးသားလုံခြုံရေးဥပဒေမှာ ဟောင်ကောင်၏ ငွေကြေးဈေးကွက်ကို သိသာစွာထိခိုက်မှုမရှိနိုင်ကြောင်း၊ ပေကျင်းနှင့်ဝါရှင်တန်တို့အကြား တင်းမာမှုများကြောင့် အမေရိကန်စာရင်းဝင် တရုတ်ပြည်မကြီးကုမ္ပဏီများ ဟောင်ကောင်ဒေသ၌ ဒုတိယရင်းနှီးမြှုပ်နှံမှု အများဆုံးလုပ်ကိုင်လာရန် မျှော်လင့်ရကြောင်း၊ သို့သော် ကုမ္ပဏီများအနေဖြင့် အရည်အသွေးပြည့်မီရန်လိုအပ်ကြောင်း၊ ၂၀၁၉ ခုနှစ်က ကုမ္ပဏီ (၂၀) ကျော်ကို ငြင်းပယ်ခဲ့ကြောင်း၊ ကုမ္ပဏီများ၏ အရည်အသွေးများပြည့်မီရန်လိုအပ်ပြီး ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးရန်မှာအရေးကြီးကြောင်း၊ သို့မှသာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ ဟောင်ကောင်ဒေသအပေါ် ယုံကြည်မှုများ ဆက်လက်ရှိနေမည်ဖြစ်ပြီး ဟောင်ကောင်ဒေသအား ကမ္ဘာလုံး ဆိုင်ရာ ရန်ပုံငွေမြှင့်တင်ရေး အချက်အချာကျသည့်ဒေသအဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Enoch Yiu က “Hong Kong to continue as global IPO hub” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာ့စီးပွားရေးပုံစံကို သိသိသာသာပြောင်းလဲစေလိမ့်မည်ဟု ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌ ပြောကြားခဲ့ခြင်း

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်မှုသည် ဂေဟာစနစ်နှင့်ဒစ်ဂျစ်တယ်ပုံစံဆီသို့ ပိုမို၍ ဦးတည်စေခြင်းဖြင့် ကမ္ဘာ့စီးပွားရေးတွင် သိသာသောအပြောင်းအလဲကိုဖြစ်ပေါ်စေလိမ့်မည်ဟု ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌ Christine Lagarde ကပြောကြားခဲ့ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအကျပ်အတည်းသည် မိမိတို့၏ စီးပွားရေးတွင် ရှိပြီးသားဖြစ်သည့် အသွင်ကူးပြောင်းမှုများကို ပိုမိုအရှိန်မြှင့်တင်ပေးလိမ့်မည်ဖြစ်ပြီး၊ ဥရောပသည်ယင်းအတွက် အကောင်းဆုံး အခြေအနေတစ်ရပ်တွင် ရှိနေကြောင်းကို ဗီဒီယိုကွန်ဖရင့်ဖြင့်ပြုလုပ်သော အစည်းအဝေးတွင် ဥရောပဗဟိုဘဏ်၏ အကြီးအကဲ က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့်လအနည်းငယ်အတွင်း ကုန်ထုတ်လုပ်မှုကဏ္ဍ၊ လုပ်သားကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍစသည့် ကဏ္ဍများ၏ အတွေ့အကြုံများအရ ပိုမို၍ရေရှည်တည်တံ့ပြီး ဂေဟာစနစ်နည်းလမ်းဖြင့် နေထိုင်မှုပုံစံဆီသို့ ဆင့်ကဲပြောင်းလဲလာနိုင်ဖွယ် ရှိကြောင်း၊ ဥပမာအားဖြင့် နေအိမ်မှတစ်ဆင့် အလုပ်တာဝန်များထမ်းဆောင်ခြင်း (telecommuting) ကဲ့သို့သော ပုံစံသည် အလုပ်လုပ်ကိုင်သည့် နည်းလမ်းများကို အသွင်ပြောင်းစေလိမ့်မည်ဖြစ်ပြီး၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် ဒစ်ဂျစ်တယ် အသုံးပြုမှုကို အရှိန်မြှင့်တင်ပေးခြင်းနှင့် စက်မှုလုပ်ငန်းများတွင် အလိုအလျောက်လုပ်ဆောင်ခြင်း (automatisation) တို့ကို တိုးတက်လာစေနိုင်ကြောင်း၊ ကပ်ရောဂါအကျပ်အတည်းကြောင့် ကမ္ဘာ့ supply chains သည် (၁၅) ရာခိုင်နှုန်းခန့် ကျုံ့သွား

နိုင်ပြီး၊ စက်ရုပ်အသုံးပြုမှု (robotisation) သည် (၇၀) ရာခိုင်နှုန်းမှ (၇၅) ရာခိုင်နှုန်းခန့်အထိ တိုးတက်လာနိုင်သည်ဟု ခန့်မှန်းထားကြောင်းကိုလည်း ၎င်းကပြောကြားခဲ့ပါသည်။

ကပ်ရောဂါကြောင့် ကမ္ဘာ့လူဦးရေ၏အများစုသည် တစ်ချိန်တည်း၌ မိမိတို့၏ နေအိမ်များ၌ သာ မဖြစ်မနေ နေထိုင်ကြရခြင်းကြောင့် အွန်လိုင်းစီးပွားရေးလုပ်ကိုင်မှုပုံစံများ တိုးတက်လာခဲ့ပြီး၊ ယင်းရေစီးကြောင်းမှာ ဆက်လက် တိုးတက်ဖွယ်ရှိသည်ဟု ခန့်မှန်းထားကြောင်း၊ ဥရောပသည် အဆိုပါကူးပြောင်းမှုဖြစ်စဉ်သို့ ပါဝင်နိုင်ရေးအကောင်းဆုံး အနေအထားတစ်ရပ်တွင်ရှိနေကြောင်း၊ ဥရောပအနေဖြင့် ကမ္ဘာ့အကြီးဆုံး circular economy နှင့် ဂေဟာဆိုင်ရာ တီထွင် ဆန်းသစ်မှုကဏ္ဍတို့ကို ပိုင်ဆိုင်ထားပြီး၊ ယူရိုငွေကြေးမှာလည်း green bonds များထုတ်ပေးခြင်းအတွက် ပထမဆုံး အသုံးပြုသည့်ငွေကြေးဖြစ်ကြောင်း၊ သို့ရာတွင် လိုအပ်သည့်ဘဏ္ဍာရေးအရင်းအမြစ်များကို ရွှေ့ပြောင်းနိုင်စေမည့် စီးပွားရေး မူဝါဒဆိုင်ရာမူဘောင်တစ်ရပ်ကို ချမှတ်ရန်လိုအပ်နေဆဲဖြစ်သည်ဟု ဥရောပဗဟိုဘဏ်အကြီးအကဲဖြစ်သူ Lagarde က ထပ်လောင်းပြောကြားခဲ့ကြောင်း ဘရပ်ဆဲလ်တိုင်းမ်၏ ၄-၇-၂၀၂၀ နေ့တွင်သတင်းဖော်ပြထားမှုအရ သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများကို အားကောင်းခိုင်မာစေရေး ပြုလုပ်သွားမည့်နန်နင်း

လက်ရှိအချိန်တွင် ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ မြို့တော်အား အားကောင်းခိုင်မာသွားစေရန် မဟာဗျူဟာ များကို အပြည့်အဝအကောင်အထည်ဖော်နေသည့် အစောပိုင်းအဆင့်တွင်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာ သယ်ယူ ပို့ဆောင်ရေး စွမ်းရည်အားတိုးတက်စေခြင်း၊ ကုန်စည်ပို့ဆောင်ရေးအချက်အချာနေရာ တည်ဆောက်မှုအားမြှင့်တင်ရန် ဆက်လက်ဆောင်ရွက်ခြင်း၊ အချက်အချာဝန်ဆောင်မှုအား တည်ငြိမ်စွာတိုးတက်စေခြင်းနှင့် စွမ်းရည်အာမခံခြင်း၊ စုစည်း နိုင်သည့်အင်အားများ၏ ပုံစံအသစ်ကိုဖွဲ့စည်းခြင်းနှင့် အကျိုးသက်ရောက်မှုများပြုလုပ်ခြင်း၊ မြို့တော်အား အားကောင်းခိုင်မာ စေရေး အကောင်အထည်ဖော်ရန် ထိရောက်မှုရှိသော ပံ့ပိုးမှုများပေးခြင်းကဲ့သို့သော အချက်အချာတည်ဆောက်မှုများ၏ လုပ်ငန်းပစ်မှတ်များအား အောင်မြင်စွာရရှိစေရန် နန်နင်းမြို့တော်က အခွင့်အလမ်းများကို အမိအရ ရယူလျက်ရှိပါသည်။

နန်နင်း၏ အခြေခံအဆောက်အအုံတွင် အားနည်းနေသောချိတ်ဆက်မှုများကို အားကောင်းခိုင်မာစေရန် သယ်ယူ ပို့ဆောင်ရေးကွန်ယက်တည်ဆောက်ရန် (၃)နှစ်အတွက် အကောင်အထည်ဖော်ရေးအစီအမံ(၂၀၂၀-၂၀၂၂)ကို နန်နင်းက ထုတ်ပြန်ကြေငြာပြီး အကောင်အထည်ဖော်ဆောင်လျက်ရှိရာ ၂၀၂၀ ခုနှစ်တွင် သယ်ယူပို့ဆောင်ရေးကွန်ယက် စီမံကိန်း (၅၇)ရပ်ကို စတင်ထားပါသည်။ မေလကုန်၌ စီမံကိန်း (၅၃)ရပ်အား စတင်ဆောင်ရွက်နေပြီဖြစ်ကာ လုပ်ငန်းလည်ပတ် နေသည့်နှုန်းမှာ (၉၃)ရာခိုင်နှုန်းဖြစ်ပါသည်။ နှစ်စဉ် ရေးဆွဲထားသည့် ရင်းနှီးမြှုပ်နှံမှုမှာ ယွမ်ငွေ(၃၁.၆)ဘီလီယံရှိခဲ့ပြီး၊ ယွမ်ငွေ (၈.၈)ဘီလီယံမှာ ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ပြီးစီးမှုနှုန်းထားမှာ (၂၇.၈၅)ရာခိုင်နှုန်းဖြစ်ပါသည်။

ယခုအချိန်တွင် နန်နင်း၌ ကီလိုမီတာ (၅၅၀)ရှိသည့် တည်ဆောက်ဆဲ အဝေးပြေး စီမံကိန်း (၁၁)ခုရှိကာ နန်နင်း၏ သမိုင်းကြောင်းတွင် စံချိန်သစ်တင်ခြင်းဖြစ်ပါသည်။ နောက်ထပ်ခြေလှမ်းအနေဖြင့် နန်နင်းဒေသတွင်းဆိုင်ရာ အပြည်ပြည် ဆိုင်ရာ လေကြောင်းစင်တာ၊ နန်နင်းဒေသတွင်းဆိုင်ရာ ရထားလမ်းအချက်အချာ၊ နယ်နိမိတ်ထိစပ်နေသော ဒေသများနှင့် အဝေးပြေးကွန်ယက်နှင့် အခြားအထောက်အကူများကို အရှိန်မြှင့်တင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟုသိရပါသည်။

**Source: english.nanning.gov.cn** (၂၂-၆-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

# STOCK EXCHANGE (8.7.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 8th Jul. 2020


### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | -500 | -4.55% | 10,500 | 10,500 | 10,500 | 1,623 | 17,041,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,750 | 3,850 | 3,750 | 3,828 | 14,509,050 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,200 | 8,200 | 8,100 | 2 | 16,300 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,500 | 22,000 | 974 | 21,430,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,750 | 2,750 | 2,750 | 585 | 1,608,750 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,650 | 906 | 2,446,100 | 19,977,223 | 53,939 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 443.86 | -9.55 | -2.11% | 442.56 | 446.00 | 442.56 | 7,918 | 57,051,700 | 6 | 660,451 |

### Index chart




## Market Overview

As of 1:00 pm, 8th Jul. 2020

| MYANPIX | 443.86 ▼ 9.55 |
|---|---|
| Total Volume (shares) | 7,918 |
| Total Value (MMK) | 57 mil |
| Listed Company | 6 |
| Market Cap. (MMK) | 660,451 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▼ 500 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▼ 50 |
| EFR | 00006 | 2,700 | ▲ 0 |